**“အသင့်ထုပ်ပိုးအစားအသောက်များ အမှတ်တံဆိပ် ကပ်ခြင်းဆိုင်ရာအမိန့်ကြော်ငြာစာ(မူကြမ်း)အား**

**အစားအသောက်ထုတ်လုပ်၊ တင်သွင်း/တင်ပို့ရောင်းချသည့် လုပ်ငန်းရှင်များအား**

**ရှင်းလင်းဆွေးနွေးခြင်းအစည်းအဝေး” မှတ်တမ်း**

**၁။** (၃၀-၁-၂၀၁၉) ရက်နေ့တွင် နေပြည်တော်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ(၁)၌ “အသင့်ထုပ်ပိုးအစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာ(မူကြမ်း)အား အစားအသောက်ထုတ်လုပ်၊ တင်သွင်း/တင်ပို့ရောင်းချသည့် လုပ်ငန်းရှင်များ အား ရှင်းလင်းဆွေးနွေးခြင်းအစည်းအဝေး” ကို ကျင်းပခဲ့ပါသည်။

**၂။ အစည်းအဝေးတွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ပါသည်-**

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ (၁၉) ဦး**

၁။ ပါမောက္ခ ဒေါက်တာခင်ဇော်၊
ညွှန်ကြားရေးမှူးချုပ်၊
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၂။ ဒေါက်တာထင်လင်း၊
ဒုတိယညွှန်ကြားရေးမှူးချုပ်(ရုံးချုပ်)၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၃။ ဒေါက်တာခင်ချစ်၊
ဒုတိယညွှန်ကြားရေးမှူးချုပ်(တိုင်းဒေသကြီး/ ပြည်နယ်)၊
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၄။ ဒေါက်တာဥမ္မာစိုးဝင်း၊
ညွှန်ကြားရေးမှူး (အစားအသောက်)၊
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၅။ ဒေါက်တာကျော်ကျော်၊
ဒုတိယညွှန်ကြားရေးမှူး၊
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(မန္တလေး)၊

၆။ ဒေါက်တာပြည့်ဖြိုး၊
ဒုတိယညွှန်ကြားရေးမှူး၊
တိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊
ဧရာဝတီတိုင်းဒေသကြီး၊

၇။ ဒေါက်တာစပယ်ထက်ထက်ထူး၊

ဒုတိယညွှန်ကြားရေးမှူး (သွင်းကုန်/ထုတ်ကုန်)၊ အစားအသောက်ဌာနခွဲ၊
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၈။ ဒေါက်တာချောနုနုအေး၊
ဒုတိယညွှန်ကြားရေးမှူး (ပြည်တွင်းလုပ်ငန်း/ဈေးကွက်ထောက်လှမ်းရေး)၊
အစားအသောက်ဌာနခွဲ၊
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၉။ ဒေါက်တာအောင်စိုးမင်း၊
ဦးစီးအရာရှိ၊
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၁၀။ ဒေါက်တာအောင်သူ၊
ဦးစီးအရာရှိ၊
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(မန္တလေး)၊

၁၁။ ဒေါက်တာမေမျိုးသူ၊
ဦးစီးအရာရှိ၊
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၁၂။ ဒေါက်တာဖြူရတနာ၊
ဦးစီးအရာရှိ၊
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၁၃။ ဒေါ်ဇင်မွန်သူ၊
ဦးစီးအရာရှိ၊
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၁၄။ ဒေါ်မေသူနိုင်ထွန်း၊
ဒု-ကြီးကြပ်ရေးမှူး၊
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၁၅။ ဒေါ်သက်နှင်းဦး၊
ဒု-ကြီးကြပ်ရေးမှူး၊
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၁၆။ ဒေါ်သင်းသူဇာ၊

ဒု-ကြီးကြပ်ရေးမှူး၊

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၁၇။ ဒေါ်ဇင်ဇင်ဝေ၊

ဒု-ကြီးကြပ်ရေးမှူး၊

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၁၈။ ဒေါ်မိုးနှင်းအေး၊

ဒု-ကြီးကြပ်ရေးမှူး၊

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၁၉။ ဒေါ်နွယ်နီထွန်း၊

ဒု-ကြီးကြပ်ရေးမှူး

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

**သက်ဆိုင်ရာနှီးနွယ်ဌာနများမှ (၇) ဦး**

၂၀။ ဒေါက်တာဝေဖြိုးအောင်၊

ဌာနမှူး၊ ကျန်းမာရေးဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊

၂၁။ ဦးစိုးအောင်၊

ညွှန်ကြားရေးမှူး၊

စားသုံးသူရေးရာဦးစီးဌာန

၂၂။ ဦးသက်နိုင်ဦး၊

ဒုတိယညွှန်ကြားရေးမှူး၊

ကုန်သွယ်ရေးဦးစီးဌာန၊

၂၃။ ဒေါ်မြင့်သောင်း၊

ဒုတိယညွှန်ကြားရေးမှူး၊

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊

၂၄။ ဦးမောင်မောင်သန်း၊

လက်ထောက်ညွှန်ကြားရေးမှူး၊

အကောက်ခွန်ဦးစီးဌာန၊

၂၅။ ဒေါက်တာအောင်ထွန်း၊
သုတေသနအရာရှိ၊
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
၂၆။ ဒေါက်တာသီသီမာ၊
ဦးစီးအရာရှိ၊
စိုက်ပျိုးရေးဦးစီးဌာန၊

**အစားအသောက် ထုတ်လုပ်၊ တင်ပို့၊ ရောင်းချသူသည့်လုပ်ငန်းရှင်များမှ (၂၃) ဦး**

၂၇။ ဦးရဲမြင့်မောင်၊
အတွင်းရေးမှူး၊
မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊
၂၈။ ဒေါ်အေးမြမြသန်း၊
အဖွဲ့ဝင်၊
မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊
၂၉။ ဒေါ်သရဖီသိန်း၊
အဖွဲ့ဝင်၊
မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊
၃၀။ ဒေါ်ဇာဇာလှိုင်၊
အမှုဆောင်အရာရှိ၊
မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊
၃၁။ ဦးဇော်စိုး၊
ဗဟိုအလုပ်အမှုဆောင်၊
မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊
၃၂။ ဦးကိုကိုဝင်း၊
အဖွဲ့ဝင်၊
မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊
၃၃။ ဒေါ်နီနီအောင်၊
ဗဟိုအလုပ်အမှုဆောင်၊
မြန်မာနိုင်ငံအလှကုန်အသင်း၊

၃၄။ ဒေါ်စန္ဒာရွှေ၊
အလုပ်အမှုဆောင်၊
မြန်မာနိုင်ငံအလှကုန်အသင်း၊
၃၅။ ဒေါက်တာဝင်းကြိုင်၊
အထွေထွေအတွင်းရေးမှူး၊
မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း၊
၃၆။ ဒေါ်ကြည်ကြည်ဝင်းရွှေ၊
အထွေထွေအတွင်းရေးမှူး၊
မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း၊
၃၇။ ဦးပါစကယ်ဘေလန်၊
အလုပ်အမှုဆောင်၊
မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း၊
၃၈။ ဒေါ်စိုးယုခိုင်၊
Assistant Manager, Regulatory Affairs Department
Pacific Medical Industry Ltd.
၃၉။ ဒေါ်နှင်းရီဝင်း၊
Regulatory Affairs Officer
AA Medical Products Ltd.
၄၀။ ဦးခင်စိုး၊
ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း၊
၄၁။ ဦးထွန်းထွန်းဦး၊
ဒုတိယဥက္ကဋ္ဌ၊
မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း၊
၄၂။ ဦးထွန်းဇော်သောင်း၊
ဗဟိုအလုပ်အမှုဆောင်၊
မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း၊
၄၃။ ဒေါ်စုစုခင်
Mega Lifesciences Ltd.
၄၄။ ဦးစည်သူအေး
Earth Trading Co., Ltd.
၄၅။ ဦးအေးချမ်း

Rhoto Mentholatum Myanmar Co., Ltd.

၄၆။ ဦးမျိုးအောင်

Win Pharmacy Co., Ltd.

၄၇။ ဦးသူရိန်စိုး

Premium Distribution Co., Ltd.

၄၈။ ဦးသန်းလွင်

ရေတ်သီးလုပ်သန်းရှင် အစုအဖွဲ့

၄၉။ ဦးကျော်ယံပိုင်

Amethyst Co., Ltd.

## ၃။ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာခင်ဇော်မှ အဖွင့်အမှာစကားပြောကြားခြင်း

ယနေ့ကျင်းပပြုလုပ်တဲ့ "အသင့်ထုပ်ပိုးအစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာ (မူကြမ်း)အပေါ် ညှိနှိုင်းအစည်းအဝေး"သို့ တက်ရောက်လာကြတဲ့ သက်ဆိုင်ရာ နှီးနွှယ်ဌာနများမှ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များနှင့် အစားအသောက်ထုတ်လုပ်၊ တင်ပို့၊ ရောင်းချသည့် လုပ်ငန်းရှင်များမှ ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းများနှင့် ပြည့်စုံပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သပါကြောင်း။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဟာ အမျိုးသားအစားအသောက်ဥပဒေ ရည်ရွယ်ချက်များနှင့်အညီ အစား အသောက်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အစားအသောက် ကြီးကြပ်ကွပ်ကဲရေးကို ဆောင်ရွက် လျက်ရှိပါကြောင်း။

ယနေ့ အစည်းအဝေးကို တက်ရောက်လာကြသူများအားလုံး သိရှိပြီးဖြစ်တဲ့အတိုင်း စားသုံးသူ တွေအတွက် ဘေးအန္တရာယ်ကင်းရှင်းတဲ့ အစားအသောက်တွေကို ရွေးချယ်ဝယ်ယူ စားသောက်နိုင်ဖို့ အတွက် မှန်ကန်တဲ့ အညွှန်းအမှတ်အသားပါတဲ့ အစားအသောက်တွေဖြစ်ဖို့ အလွန်အရေးကြီးတဲ့ ကိစ္စရပ်တစ်ခုဖြစ်ပြီး ဒါဟာ အရေးကြီးတဲ့ အချိန်ကာလကို ရောက်ရှိနေပြီဖြစ်ပါကြောင်း။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် အစားအသောက်များ ဘေးအန္တရာယ် ကင်းရှင်းရေး၊ အရည်အသွေးပြည့်မီရေးနှင့်ပတ်သက်ပြီး လက်ရှိနိုင်ငံတကာမှာ လက်ခံထားသည့် Codex Standard များ၊ အာဆီယံစံချိန်စံညွှန်းများနှင့် ကိုက်ညီစွာ ပြဋ္ဌာန်းနိုင်ရန်အတွက် အစားအသောက် အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ ကိစ္စရပ်နဲ့ပတ်သက်ပြီး အစည်းအဝေးများနဲ့ အလုပ်ရုံဆွေးနွေးပွဲများစွာ ကျင်းပပြုလုပ်ခဲ့ပြီး လိုအပ်ချက်များကို အကြိမ်ကြိမ်ပြင်ဆင် ဖြည့်စွက်ခြင်းများ ပြုလုပ်ခဲ့ပါကြောင်း၊ (၂၈-၁-၂၀၁၉)

ရက်နေ့မှာ အစားအသောက် အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာ (မူကြမ်း) ပါ အခန်း(၁၂)ခန်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ နှီးနွယ်ဌာနများရဲ့ ဆွေးနွေးအကြံပြုချက်၊ သဘောထားမှတ်ချက်များကို ရယူပြီး နောက်ဆုံးအချောသတ် ပြင်ဆင်ခဲ့ပါကြောင်း၊ ယနေ့အစည်းအဝေး ဟာ (၂၈-၁-၂၀၁၉) ရက်နေ့မှာ နောက်ဆုံးအချောသတ် ပြင်ဆင်ခဲ့တဲ့ ဥပဒေကို လုပ်ငန်းရှင်များအနေနဲ့ သိရှိလိုက်နာနိုင်ဖို့ရည်ရွယ်ပြီး ကျင်းပရခြင်းပဲ ဖြစ်ပါကြောင်း။

အသင့်ထုပ်ပိုးထားသည့် ထုတ်ကုန်ပစ္စည်းများရဲ့ အညွှန်းအမှတ်အသား ဖော်ပြခြင်းတွေနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများမှ မိမိတို့ဌာနအလိုက် သတ်မှတ်ချက်အသီးသီးနဲ့ ဥပဒေတွေ ထုတ်ပြန်ဆောင်ရွက်လျက်ရှိကြရာမှာ အသင့်ထုပ်ပိုး အစားအသောက်များနဲ့ပတ်သက်ရင် တော့ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကသာ အဓိကတာဝန်ယူဆောင်ရွက်မှာ ဖြစ်ပါ ကြောင်း၊ ယခုထုတ်ပြန်မယ့် အမိန့်ကြော်ငြာစာကလည်း ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရတဲ့ အစားအသောက်များကို အများပြည်သူ ရွေးချယ်စားသောက်နိုင်ဖို့ ရည်ရွယ်ပြီး Safety Aspect ကနေ ရေးဆွဲထားတာဖြစ်ပါကြောင်း၊ ဒါ့ကြောင့် ယခုအမိန့်ကြေညာစာအတွက် အချိန်ယူ ရေးဆွဲခဲ့ရခြင်း ဖြစ်ပါကြောင်း။

အစားအသောက်အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာနှင့်ပတ်သက်၍ လုပ်ငန်းရှင် များအနေနဲ့ ယခုပြဋ္ဌာန်းချက်အပေါ်မှာ လိုက်နာဆောင်ရွက်နိုင်ဖို့ လိုအပ်မည့်အချိန်၊ နားမလည်သည့် အချက်များ၊ မရှင်းလင်း သည့်အချက်များရှိပါက လုပ်ငန်းရှင်များအနေဖြင့် ပွင့်ပွင့်လင်းလင်း တက် တက်ကြွကြွ ပါဝင်ဆွေးနွေးပေးကြရန် ပြောကြားခဲ့ပါသည်။

**၄။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထင်လင်းမှ ရှင်းလင်းတင်ပြခြင်း။**

ဆက်လက်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထင်လင်းမှ အသင့်ထုပ်ပိုးထားသော အစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာ(မူကြမ်း)တွင် ပါဝင်သော အခန်း(၁၂)ခန်းအပေါ်ခြုံငုံ၍ ရှင်းလင်းတင်ပြခဲ့ပြီး အောက်ပါတို့ကို အသေးစိတ်ထပ်မံရှင်းလင်းခဲ့ပါသည်-

(က) အခန်း(၁) အသင့်ထုပ်ပိုးထားသော (Prepackaged)၊ အမှတ်တံဆိပ်နှင့် အမှတ်တံဆိပ်ကပ်ခြင်း၊

(ခ) အခန်း(၃) ပုဒ်မ ၅ ပိုဒ်ခွဲ(ဃ) အမည်နှင့်လိပ်စာ

(ဂ) အခန်း(၃) ပုဒ်မ ၅ ပိုဒ်ခွဲ(ခ) ပါဝင်ပစ္စည်းစာရင်းတွင် အစားအသောက်ထပ်ဖြည့်ပစ္စည်း များ

(ဃ) အခန်း(၃) ပုဒ်မ ၅ ပိုဒ်ခွဲ(ဂ) အသားတင်ပမာဏနှင့်အရည်စစ်အလေးချိန်

(င) အခန်း(၃) ပုဒ်မ ၅ ပိုဒ်ခွဲ(ဇ) သုံးစွဲရန်အညွှန်း

(စ) အခန်း(၃) ပုဒ်မ ၆ ပိုဒ်ခွဲ(က) ထားသိုရန်အညွှန်း

(ဆ) အခန်း(၃) ပုဒ်မ ၆ ပိုဒ်ခွဲ(ဃ) အဖျော်ယမကာ

(ဇ) အခန်း(၆) ဖော်ပြခွင့်မပြုသည့်အချက်များ

## ၅။ ညှိနှိုင်းအကြံပြုချက်များ

| | | |
|---|---|---|
| ၁။ | - အခန်း(၁) ပုဒ်မ(၃-စ) "ဖော်ပြချက်"ဟူသော စာသားအား ဖြုတ် သင့်/ မဖြုတ်သင့်၊<br>- ပုဒ်မ(၃-ဇ) "ပမာဏ" ဟူသော စာသားအား ဖြုတ်လျှင် ပိုသင့်လျော်၊<br>- ပုဒ်မ(၃-ဈ) "ယင်းစကားရပ်တွင်.....မပါဝင်ချေ" ဟူသော စာသားအား ဖြုတ်လျှင် ပိုသင့်လျော်၊ (သို့မဟုတ်) ပိုမိုတိကျ သင့်လျော်သော စကားလုံးရှိပါက အစားထိုးပြောင်းလဲသင့်ကြောင်း၊<br>- ပုဒ်မ(၃) (ည)နှင့် (ထ)ကို ပိုမိုတိကျ ရှင်းလင်းသော ပုံစံဖြင့် ပြန်လည် ရေးသားရန်လိုအပ်ကြောင်း၊<br>- အခန်း(၃) ပုဒ်မ (၅-ဂ) ခေါင်းစဉ်တွင် "အသားတင်ပမာဏနှင့် အရည်စစ်အလေးချိန်"အစား "အသားတင်ပမာဏနှင့် အရေအတွက် အရည်စစ်အလေးချိန်" ဟုပြင်လျှင် ပိုကောင်းမည်ဟု အကြံပြုထားကြောင်း၊ ပိုမိုရှင်းလင်းစွာ ရေးသားရန်နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက် ထပ်ဖွင့်ရန် လို/မလို၊<br>- အခန်း(၄) ပုဒ်မ (၆-ဂ) "ဓာတ်ရောင်ခြည်ဖြင့် ပြုပြင် | ဒေါက်တာခင်ဇော်၊<br>ညွှန်ကြားရေးမှူးချုပ် |

| | | |
|---|---|---|
| | ထုတ်လုပ်ထားသော အစားအသောက်များ” ဟူသော စာသား အစား “ဓာတ်ရောင်ခြည်ဖြင့် ပြုပြင်ထုတ်လုပ်ထားသော အစားအသောက်များ ဖော်ပြချက်”ဟု ပြောင်းရေးသင့်/ မသင့် (စာသား ထပ်မံဖြည့်စွက်ရန် လိုအပ်ပါမည်ဟု အကြံပြု)<br>- အခန်း(၄) ပုဒ်မ (၆-ဃ) “အဖျော်ယမကာ” အစား “အဖျော် ယမကာအတွက် ဖော်ပြချက်” ဟု ရေးသားလျှင် ပိုမိုကောင်းမွန်ကြောင်း အကြံပြု၊<br>- အခန်း(၅) ပုဒ်မ(၇)သည် “ဖော်ပြခြင်းမပြုရန် တားမြစ်သည်” ဖြစ်ပြီး ပုဒ်မ (၇-ဃ) (၁) နှင့် (၂) သည် ဖော်ပြရန် ခွင့်ပြုသည်ဟု အဓိပ္ပါယ် သက်ရောက်နေသဖြင့် ပုဒ်မ (၇-ဃ) (၁) နှင့် (၂)ကို မလိုအပ်ဟု ထင်မြင် ကြောင်း၊ ထည့်သွင်းမည်ဆိုပါက စာသားပြင်ရေးရန် လိုအပ်ကြောင်း၊<br>- အခန်း(၇) ပုဒ်မ (၁၅-ဂ)“ဤထုတ်ကုန်၏.....အတွက် မဟုတ်” ဟူသော စာသားသည် လက်တွေ့တွင် ဖော်ပြရန် အဆင်ပြေမှု ရှိ/မရှိ၊ မဖော်ပြခဲ့လျှင် ပြဿနာဖြစ်နိုင်ခြင်း ရှိ/မရှိ ပြန်လည် စိစစ်ရန် လိုအပ် ကြောင်း၊<br>- အခန်း(၈) ပုဒ်မ (၁၉-က)တွင် အပိုဒ် ၅ (ခ) (စ) (ဇ) အစား “အပိုဒ် ၅ (က) (ဃ) (ဆ)ကို မဖြစ်မနေ ဖော်ပြရမည်” ဟု ရေးလျှင် ပိုသင့်လျော်မည် ဖြစ်ကြောင်း၊<br>- အခန်း(၈) ပုဒ်မ (၁၉-ခ)သည် ပိုမိုရှင်းလင်းစေရန် အတွက် စာသားပြင်ရေးသားရန် လိုအပ်ကြောင်း၊ | |
| ၂။ | - အခန်း(၃)ပုဒ်မ(၅-ဇ) “ပြုပြင်သုံးစွဲရမည့်နည်းလမ်း”ကို အမှတ်တံဆိပ်များပေါ်တွင် မဖြစ်မနေထည့်သွင်း ဖော်ပြသင့်ကြောင်း၊<br>- အခန်း(၃) ပုဒ်မ (၅-ဇ))နှင့် အခန်း(၆) ပုဒ်မ (၁၀-ခ) တို့သည် မူလ ကိုဒက်(Codex) ပြဋ္ဌာန်းချက်တွင် မပါရှိသော်လည်း လိုအပ်၍ အာဆီယံ နိုင်ငံများ၏ | ဒေါက်တာထင်လင်း၊<br>ဒုတိယညွှန်ကြားရေးမှူးချုပ် |

| | | | |
|---|---|---|---|
| | | ပြဋ္ဌာန်းချက်များကို တိုက်ရိုက်ကိုးကား၍ မြန်မာဘာသာပြန်ဆိုထားခြင်း ဖြစ်ကြောင်း၊<br>- အခန်း(၆) ပုဒ်မ (၁၀)တွင် ပါဝင်ပေါင်းစပ်ပစ္စည်းနှင့် ရောနှောပစ္စည်းတို့ကို ထပ်မံထည့်သွင်းရေးသားရန် လိုအပ်ကြောင်းနှင့် ရောနှောပစ္စည်းကို ပုံဖြင့် ဖော်ပြလိုလျှင် ရောနှောထားသည့် အချိုးအစား အတိုင်းသာ ဖော်ပြရန်၊<br>- အာဟာရတန်ဖိုးကို ဖော်ပြလိုပါက ဖော်ပြနိုင်ကြောင်းနှင့် ယင်းဖော်ပြချက်အတွက် အထောက်အထားတင်ပြနိုင်ရမည်ဖြစ်ကြောင်း၊<br>- အခန်း(၇) ပုဒ်မ (၁၅-ဂ)"ဤထုတ်ကုန်၏.....အတွက် မဟုတ်" ဟူသော စာသားသည် ကျန်းမာရေးဖြည့်စွက်စာ (Health Supplement) များတွင်ပါ ဖော်ပြရန်လိုအပ်ကြောင်း၊<br>- အခန်း(၇) ပုဒ်မ (၁၈) အာဟာရတန်ဖိုးဖော်ပြရာတွင် သကြား၊ ဆား၊ ဆီ တို့ပါလျှင် မကူးစက်နိုင်သောရောဂါများအတွက် ပါဝင်သည့်ရာခိုင်နှုန်းကို ရေးသားဖော်ပြသင့်ကြောင်း၊ | |
| ၃။ | - | အခန်း(၁) ပုဒ်မ (၃-ဃ) "အပြည့်အဝ ဈေးကွက်တင်နိုင်သည့်ရက်စွဲကို ဆိုသည်" အစား "အပြည့်အဝ ဈေးကွက်တင်နိုင်သည့်၊ စားသုံးနိုင်သည့် ရက်စွဲကို ဆိုသည်" ပြင်ဆင်လျှင် သင့်/မသင့်၊<br>- အခန်း(၂) ပုဒ်မ (၄-ဂ) (၂) "စာလုံးအရွယ်သည်... အခြေခံ၍ ရေးထုံးနှင့်အညီ ရှိစေရမည်" အစား "စာလုံးအရွယ်သည် သာမာန်မျက်လုံးဖြင့် မြင်နိုင်သော အရွယ်အစားဖြစ်ရမည်" ဟု ပြောင်းရေးသင့်/ မသင့်၊ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန |
| ၄။ | - | အခန်း(၃) ပုဒ်မ (၅-ခ) (၁၂) "ပေါင်းစပ်၍ ဖော်ပြနိုင်သည်" အစား "ပေါင်းစပ်၍ ဖော်ပြရမည်"လို့ ရေးသင့်/ မသင့်၊ | ဦးထွန်းထွန်းဦး<br>ဒုဥက္ကဋ္ဌ၊ ဆီစက်ပိုင်ရှင်များအသင်း |

| | | |
|---|---|---|
| | - အခန်း(၇) ပုဒ်မ (၁၅-ဂ) "ဤထုတ်ကုန်၏ အကျိုးအာနိသင်... အတွက် မဟုတ်" အစား "ဤထုတ်ကုန်၏ အကျိုးအာနိသင်.... စိစစ်မထားပါ" ဟုရေးလျှင် လုံလောက်မည်ဖြစ်ကြောင်း၊ | |

| | | |
|---|---|---|
| ၅။ | - ပုဒ်မ(၃-ခ) "သတ်မှတ်ထားသော အစားအသောက်သည်" မည်သည့်အရာနှင့် သတ်မှတ်သနည်းနှင့် ကုန်ချောစတင်ဖြစ်သည့်နေ့ဟု ရေးသားရန် သင့်/ မသင့်၊<br>- ပုဒ်မ(၃-ဈ) "ဝယ်ယူချိန်ချက်ချင်းထုပ်ပိုးခြင်း၊ ထုပ်ပိုးသူကိုယ်တိုင် ထုတ်ပိုးသည့်နေရာတွင် ဖြစ်စေ၊ ရွှေ့ပြောင်းသယ်ယူ၍ ဖြစ်စေ ရောင်းချသည့် အစားအသောက်များ" ဟူသော စာသားများအား အဓိပ္ပါယ်ဖွင့်ဆိုချက် ထည့်သင့်ကြောင်း၊<br>- အခန်း(၂) ပုဒ်မ (၄) ကို အခန်း(၃) ပုဒ်မ (၅)နှင့် အခန်း(၄) ပုဒ်မ (၆)တို့၏ အရေးအသားအတိုင်း ပြင်ရေးသင့်ကြောင်း၊<br>- အခန်း(၉) ပုဒ်မ (၂၀) (ဃ) နှင့် (င) ကို ပြန်လည်စိစစ်သင့်ကြောင်း နှင့် ပုဒ်မ (၂၀) (ဃ) နှင့် (င)ရှိ သူများကို အဓိပ္ပါယ်ဖွင့်ဆိုသင့်ကြောင်း၊<br>- အခန်း(၉) ပုဒ်မ (၂၂) တွင် မည်သည့်အဖွဲ့အစည်းကို ဆိုသည်ကို တိတိကျကျ ဖော်ပြသင့်ကြောင်း၊<br>- အခန်း(၁၂) ပုဒ်မ (၃၂) "အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဗဟိုနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဦးစီးမှူးအား လွှဲအပ်ဆောင်ရွက်စေလိုက်သည်"တွင် ဗဟိုကို ဖြုတ်သင့်ကြောင်း၊<br>- အခန်း(၁၂) ပုဒ်မ (၃၃) "ပြဋ္ဌာန်းချက်များကို ဆက်လက် လိုက်နာကျင့်သုံးရမည်" အစား "အစားအသောက်လုပ်ငန်း လုပ်ကိုင်သူများသည် ဆက်လက်လိုက်နာကျင့်သုံးရမည်"ဟု ပြင်သင့် ကြောင်း၊<br>- အသင့်ထုတ်ပိုးထားသော အစားအသောက်များအမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာတွင် ပါရှိသော "ဤအမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်များ" အစား "ဤအမိန့်ပါပြဋ္ဌာန်းချက်များ" ဟု ပြင်ဆင်ရေးသား သင့်ကြောင်း၊ | ပြည်ထောင်စုရွှေ့နေချုပ်ရုံး |

| | | |
|---|---|---|
| | - အခန်း(၁၂) ပုဒ်မ (၃၁) " မည်သည့်သတ်မှတ်ချက်ကို မဆို လိုက်နာမှု..." အစား "သက်ဆိုင်ရာပြဋ္ဌာန်း ချက်များကို လိုက်နာမှု..." ဟု ပြင်ဆင်ရေးသား သင့်ကြောင်း၊ | |
| ၆။ | - အခန်း(၁၂) ပုဒ်မ (၃၂) "အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ ဗဟိုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူးအား လွှဲအပ်ဆောင် ရွက်စေလိုက်သည်" အစား "သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအား လွှဲအပ်ဆောင်ရွက် စေလိုက် သည်" ဟု ပြင်ရေးသင့်ကြောင်း၊ | စိုက်ပျိုးရေး |
| ၇။ | - အခန်း(၁၁) ပုဒ်မ (၂၇) တွင် "တစ်နှစ်တာကာလ"ကို "ခြောက်လ"ဟု ပြင်ဆင်သတ်မှတ်လျှင် ပိုမို အဆင်ပြေမည်ဖြစ်ကြောင်း၊ | ဦးခင်စိုး၊ ဥက္ကဋ္ဌ၊ ဆီစက်ပိုင်ရှင်များအသင်း |
| ၈။ | - Chemical name တစ်ခုစီကို မြန်မာဘာသာ ပြန်ပေးရန်လို/ မလို<br>- Flavor ကို ဖော်ပြရာတွင် မြန်မာဘာသာဖြင့် ရေးသားပေးရန် လို/ မလို၊ Natural Flavor နှင့် Artificial Flavor ကို ရေးသားရာ၌ သဘာဝအနံ့၊ ဖန်တီးအနံ့ ဟု ဖော်ပြပေးရန် လို/မလို<br>- အခန်း(၁) ပုဒ်မ (၃-ထ) တွင် ပါရှိသော "သိပ္ပံ နည်းကျ အထောက်အထားဆိုသည်မှာ" မည်သည်ကို ဆိုလိုကြောင်း၊ | ဒေါ်အေးမြမြသန်း အဖွဲ့ဝင်၊ UMFCCI<br>ဒေါက်တာဥမ္မာစိုးဝင်း၊ ညွှန်ကြားရေးမှူး၊<br>ဒေါက်တာပြည့်ဖြိုး၊ ဒုတိယညွှန်ကြားရေးမှူး၊<br>ဒေါက်တာစပယ်ထက်ထက်ထူး၊ ဒုတိယညွှန်ကြားရေးမှူး၊ |
| ၉။ | - အခန်း(၃) ပုဒ်မ (၅-ဆ) (၇-၅) "ရှာလကာရည်" အစား "ရှာလကာရည်အမျိုးမျိုး" ဟု ထပ်မံ ဖြည့်စွက်ရန် လိုအပ်ကြောင်း၊ | ဦးဇော်စိုး |
| ၁၀။ | - ပါဝင်ပစ္စည်းဖော်ပြချက်တွင် မြန်မာဘာသာ သို့မဟုတ် မွေးစားစကားဖြင့် ရေး၍ ရ/မရ၊<br>- Flavor များ၏ Functional Class ကို E- | ဒေါ်သရဖီသိန်း<br>ဒေါက်တာပြည့်ဖြိုး၊ ဒုတိယညွှန်ကြားရေးမှူး၊ |

| | | |
|---|---|---|
| | number ဖြင့် မဖော်ပြဘဲ အမည်တစ်ခုတည်းဖြင့် ဖော်ပြ၍ ရ/မရ၊ | |

| | | |
|---|---|---|
| ၁၁။ | - မျိုးတူစု အဓိပ္ပါယ် သတ်မှတ်ချက်ကို လွယ်ကူစွာ နားလည်နိုင်ရန်အတွက် ပြင်ဆင်ရေးသားရန် လိုအပ်ကြောင်း၊<br>- မူလထုပ်ပိုးပစ္စည်းပေါ်တွင် ဖော်ပြရမည့်စာလုံးအရွယ်အစားကို လျှော့ချရန် ရှိ/မရှိ၊ | ဒေါ်ဇာဇာလှိုင်<br>ဒေါက်တာဥမ္မာစိုးဝင်း၊<br>ညွှန်ကြားရေးမှူး၊<br>ဒေါက်တာပြည့်ဖြိုး၊<br>ဒုတိယညွှန်ကြားရေးမှူး၊<br>ဒေါက်တာစပယ်ထက်ထက်ထူး၊<br>ဒုတိယညွှန်ကြားရေးမှူး၊<br>စိုက်ပျိုးရေး |

## ၆။ သဘောတူညီချက်များ

(၂၈-၁-၂၀၁၉) ရက်နေ့တွင် သက်ဆိုင်ရာနိုးနွယ်ဌာနများနှင့် ညှိနှိုင်းအစည်းအဝေးမှ ပြင်ဆင်ခဲ့သည့်အချက်များအား ထပ်မံတင်ပြခဲ့ပါသည်။ တင်ပြချက်များအပေါ် အစည်းအဝေးတက်ရောက် လာသောကိုယ်စားလှယ်များမှ အောက်ပါသဘောတူညီချက်များဖြည့်စွက်၍ အမိန့်ကြော်ငြာစာ (မူကြမ်း) အား ယေဘုယျအားဖြင့် သဘောတူညီခဲ့ကြပါသည်။

- မျိုးတူစုဆိုသည်မှာ တူညီသော အခြေအနေတစ်ရပ်ကို အခြေခံ၍ ထုတ်လုပ်ထားသည့် ကုန်ပစ္စည်းများ၏ တိကျသော အရေအတွက်ပမာဏအစုအတွဲကို ခေါ်သည်၊
- Flavor များ၏ Functional Class ကို E-number ဖြင့် မဖော်ပြဘဲ အမည်တစ်ခုတည်းဖြင့် ဖော်ပြ၍ ရကြောင်း၊
- မူလထုပ်ပိုးပစ္စည်းပေါ်တွင် ဖော်ပြရမည့် စာလုံးအရွယ်အစားမှ စံသတ်မှတ်ချက်ဖြစ်နေ ၍ လျှော့ချရန် မဖြစ်နိုင်ကြောင်း၊
- အခန်း(၁၁) ပုဒ်မ (၂၇) တွင် “တစ်နှစ်တာကာလ”အဖြစ်သာ သတ်မှတ်ကြောင်း၊
- အခန်း(၁၂) ပုဒ်မ (၃၂) “သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရှိ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအား လွှဲအပ်ဆောင်ရွက်စေလိုက်သည်” ဟု ပြင်ဆင်ရန်၊
- အခန်း(၁၂) ပုဒ်မ (၃၁) “သက်ဆိုင်ရာပြဋ္ဌာန်းချက်များကို လိုက်နာမှု...” ဟု ပြင်ဆင် ရန်၊
- အခန်း(၁၂) ပုဒ်မ (၃၃) “အစားအသောက်လုပ်ငန်း လုပ်ကိုင်သူများသည် ဆက်လက်လိုက်နာ ကျင့်သုံးရမည်” ဟု ပြင်ဆင်ရန်၊
- အသင့်ထုတ်ပိုးထားသော အစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာတွင် ပါရှိသော “၎င်းအမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်များ” အစား “၎င်းအမိန့်ပါပြဋ္ဌာန်းချက်များ” ဟု ပြင်ဆင်ရန်

- အခန်း(၇) ပုဒ်မ (၁၅-ဂ) "အကျိုးအာနိသင်ကို စိစစ်မထားပါ။ ရောဂါ ကာကွယ်၊ ကုသ ရန် အတွက် မဟုတ်" ဟု ပြင်ဆင်ရန်၊

နိဂုံးချုပ်အနေဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထင်လင်းမှ ယနေ့ကျင်းပပြုလုပ်သည့် အသင့်ထုပ်ပိုးထားသော အစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြသည့်အတွက် သက်ဆိုင်ရာနိုးနွယ်ဌာနများနှင့် အစားအသောက်ထုတ်လုပ်၊ တင်ပို့၊ ရောင်းချသည့်လုပ်ငန်းများမှ ကိုယ်စားလှယ်များအားလုံးအား အထူးကျေးဇူးတင်ရှိကြောင်း ပြောကြား ခဲ့ပါသည်။

**၈။ အစည်းအဝေးရုတ်သိမ်းခြင်း**

အစည်းအဝေးအစီအစဉ်ကို ညနေ (၁၆:၃၀ နာရီ) တွင် အောင်မြင်စွာ ရုတ်သိမ်းခဲ့ပါသည်။

**မှတ်တမ်းတင်သူများ**

| | | |
|---|---|---|
| ဒေါက်တာအောင်စိုးမင်း | ဒေါ်သက်နှင်းဦး | ဒေါ်ဇင်ဇင်ဌေး |
| ဦးစီးအရာရှိ | ဒု-ကြီးကြပ်ရေးမှူး | ဒု-ကြီးကြပ်ရေးမှူး |
| အစားအသောက်ဌာနခွဲ | အစားအသောက်ဌာနခွဲ | အစားအသောက်ဌာနခွဲ |

စာအမှတ်၊ အစဆ/၂(စသပ)ထွေ-၂/၂၀၁၉/

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ(    ) ရက်

ဖြန့်ဝေခြင်း-

- အစည်းအဝေးတက်ရောက်သူများအားလုံး၊
- ရုံးလက်ခံ၊
- မျှောစာတွဲ။